the voice of spring

25.5.2021 · Tuesday · No . 50 · Daily News Pamphlet

## အကြမ်းဖက်စစ်အုပ်စုပိုင် စီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပြည်သူများက ဝယ်သူသုံးစွဲခြင်းမပြုလုပ်ဘဲ အရှိန်အဟုန်မြှင့် သပိတ်မှောက်ကြရန် NUG စီမံဘဏ္ဍာဝန်ကြီးဌာနမှ အမှတ်တံဆိပ်အမည်များနှင့်တကွ ထုတ်ပြန်၍ တိုက်တွန်းခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကိစ္စ၌ အစုအဖွဲ့အားလုံးနှင့် ပြည်သူတရပ်လုံးပါဝင်နိုင်မည့် တိုင်းပြုပြည်ပြု ညီလာခံခေါ်ယူသွားမည်၊ ခြေဥရေးရာကော်မရှင်က အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့်လည်း ဆက်လက်ဆွေးနွေးသွားမည်ဟု အချက်(၅)ချက်ပါကြေညာချက်ကို ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

# ပြည်သူရှိသရွေ့ NLD ပါတီ ရှိနေမည်ဟု ဒေါ်အောင်ဆန်းစုကြည် လူထုထံ သတင်းစကားပါး



မေလ(၂၄)ရက်၊ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည့် လူငယ်များ၏ 'မြို့နယ်ပေါင်းစုံသပိတ်စစ်ကြောင်း' ကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## အခြေခံပညာကျောင်းများ၌ ကျောင်းလာရောက်အပ်နှံသူ အလွန်နည်းပါး

သတင်းတို

ရင်းမြစ် – RFA မှ

## စစ်အုပ်စုလက်နက်ကြီးထိမှန်သဖြင့် လွိုင်ကော်၊ ကယန်းသာယာ(တောင်) ဘုရားကျောင်းရှိ ပြည်သူ(၄)ဦးကျဆုံး

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ဒီးမော့ဆိုမြို့နယ်ရှိ Non-CDM ရုံးများနှင့်ဒလံအိမ်များကို ဖြိုချနိုင်ခဲ့ကြောင်း ကယား PDF က ထုတ်ပြန်ကြေညာခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ပခုက္ကူ ရေစကြိုမြို့နယ်ရှိ ဇီးတောကျေးရွာသို့ စစ်အုပ်စုက ဝင်ရောက်၍ နေအိမ်များကို ဖျက်ဆီးကာ အကြမ်းဖက်သဖြင့် ဒေသခံများထွက်ပြေးနေရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## စစ်အာဏာရှင်စနစ်အမြစ်ပျက်ရေး အဆုံးထိတိုက်ပွဲဝင်သွားမည်ဟုပဲခူး ပြည်သူ့ကာကွယ်ရေးတပ်ပြောကြား

သတင်းတို

ရင်းမြစ် – RFA မှ

## ချက်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့်နိုင်ငံခြားရေးဝန်ကြီးဒေါ်ဇင်မာအောင်တို့မြန်မာ့အရေးတွေ့ဆုံဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## လွိုင်ကော်၊ ရေယိုရွာအနီး၌ အကြမ်းဖက်စစ်အုပ်စုက ပြည်သူတဦးကို လက်နောက်ပြန်ကြိုးတုပ်၍ သေနတ်နှင့် အကြောင်းမဲ့ပစ်ကာသတ်ဖြတ်ခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

### The Voice Of Spring Cartoon



the voice of spring
25.5.2021 · Tuesday · No . 50 · Daily News Pamphlet

## နွေဦးတော်လှန်ရေးဆင့်ခေါ်သံ

**မောင်စွမ်းရည်**

အိုးအိမ်မီးမြိုက်
ခမြတိုက်သူ။

ပြည်သူ့ရွှေငွေ
လုယက်လေသူ။

ပြည်သူအပေါင်း
သွေးချောင်းမျှောသူ။

ပြည်သူ့သမီးသား
ဓါးကစားသူ။

စစ်ခမြဟု
ဗမာ့သမိုင်း၊ ရိုင်းစေခဲ့သူ။

နေဝင်းသန်းရွှေ၊ ဆိုးမွေကိုခံ
မအလ၊ လဒ အလံထူ။

စစ်ခွေးခမြ၊ လဒအသိုက်
ဒို့မီးမြိုက်အုံ၊
တိုက်ရဲသူတို့ အောင်ရမည်။
နွေဦးတော်လှန်ရေး ဆင့်ခေါ်ပြီ။

**မောင်စွမ်းရည်**
(၂၃-မေ-၂၀၂၁)

ဖေဖော်ဝါရီ(၁)ရက်မှ မေ(၂၃)ရက်အထိ

**ကျဆုံးသူဦးရေ - ၈၁၈ ဦး**
**အဖမ်းဆီးခံရသူဦးရေ- ၅၃၉၂ ဦး**
**ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၂၂ ဦး**

ရင်းမြစ်-အေအေပီပီမှ



မေလ(၂၄)ရက်၊ တန့်ဆည်မြို့၌ ပြုလုပ်ခဲ့သည့် အင်အားရာချီသည့် ပင်မသပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ-CJ)

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

## နွေဦးစကား ဒို့ပြောကြား

**"ဆရာ၊ ဆရာမတွေဖြစ်ပြီးတော့ ပညာမဲ့တွေ ဘာခိုင်းခိုင်း လုပ်နေရတာ မရှက်ဘူးလား၊ အမှိုက်သိမ်းပြီးရင် ထီရောင်းရဦးမှာ"**

## သတင်းမှတ်စု

မေလ(၂၄)ရက်၊ ၂၀၂၁



- ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်)ရှိ CDM ဝန်ထမ်းများကို ဆေးရုံအုပ်နှင့် စစ်အုပ်စုက မေ(၂၃)ရက်၊ ညပိုင်း၌ သေနတ်နှင့် ချိန်၍ အလုပ်ပြန်ဆင်းရန် အကြပ်ကိုင် ခြိမ်းခြောက်မှုကြောင့် ဝန်ထမ်းအားလုံး နီးပါး အိမ်ရာမှ ထွက်ပြေး တိမ်းရှောင်နေကြဟုသိရ။
- ကျောက်ကြီးမြို့နယ်၊ ပိုးလိုးနိဖိုးကျေးရွာတွင် နေထိုင်သည့် KNU အဖွဲ့ဝင် နော်အေးကြန်အား နံနက်(၃)နာရီခွဲအချိန်တွင် စစ်အုပ်စု ခလရ (၆၀)တပ်ရင်းမှ ဖမ်းဆီးခဲ့ဟုသိရ။
- ကလေးမြို့၊ မြို့လှတွင် မေ(၂၃)ရက်၊ ည(၉)နာရီခန့်က ဒလန်ဟု ဒေသခံများက သတ်မှတ်ထားသူတစ်ဦးကို အမည်မသိလူတစုက သေနတ်နှင့်ပစ်သတ်ပြီး နေအိမ်အား မီးရှို့ခဲ့။
- တောင်တွင်းကြီးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ မေ (၂၃)ရက်၊ ည(၇)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ခဲ့ပြီး စစ်အုပ်စုက ရမ်းသမ်းပစ်ခတ်သဖြင့် အလုပ်မှ ပြန်လာသည့် မြို့သစ်မြို့နယ်၊ ဘုရားငါးဆူကံကြီး(တောင်)ကျေးရွာနေ ကိုဇေယျဝင်း ဆိုသူ ထိမှန် သေဆုံးခဲ့ဟုသိရ။
- ကလောမြို့နယ်၊ ဘော်ဆိုင်း ရဲကင်းစခန်းရှိ စစ်ကျွန် ရဲတပ်ဖွဲ့များမှာ မေ(၂၃)ရက်၊ ညပိုင်းက စခန်းအား စွန့်ခွာထွက်ပြေးခဲ့ကြ။
- ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၄) မူလတန်းကျောင်းသို့ စစ်အုပ်စုအဖွဲ့ဝင်(၄)ဦး ဝင်သွားအပြီး မကြာမီ မီးလောင်မှု ဖြစ်ပွားခဲ့ဟုသိရ။
- ကချင်၊ မိုးမောက်၊ ခါနန်ရပ်ကွက်၌ နေ့လယ်(၁၂)နာရီကျော်က အသက်(၁၄)နှစ်အရွယ်မောင်အောင်ဒီးမှာ စစ်အုပ်စု၏လက်နက်ကြီးပုံးဆံထိမှန်၍သေဆုံးခဲ့ဟုသိရ။
- စဉ့်ကိုင်မြို့နယ်၊ တရုတ်စုကျေးရွာ အ.လ.က ကျောင်းအနောက်ဘက်တွင် မေ(၂၃)ရက်၊ ည(၈)နာရီခန့်က ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားပြီးနောက် ည(၉)နာရီခန့်တွင် ကျေးရွာ NLD ရုံးကို စစ်အုပ်စုက စီးနင်းခဲ့။
- ရန်ကုန်၊ မြောက်ဒဂုံ၊ အ.ထ.က(၄) ကျောင်း၌ နံနက်(၆)နာရီခွဲခန့်က ပေါက်ကွဲမှု ဖြစ်ခဲ့။
- ရန်ကုန်၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်ရှိ စစ်ကျွန် အုပ်ချုပ်ရေးမှူး ဖွင့်ထားသည့် စားသောက်ဆိုင်၌ နံနက်(၆)နာရီခွဲကျော်ခန့်က ပေါက်ကွဲမှုဖြစ်ခဲ့ဟုသိရ။
- ရန်ကုန်၊ အလုံ၊ အ.ထ.က (၄)၌ စစ်ကျွန်ဒုညွှန်မှူး ရောက်နေချိန် နံနက်(၉:၁၅)က ပေါက်ကွဲမှုသုံးကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့။
- သပိတ်မှတ်စု
- ယင်းမာပင်၊ စုန်းချောင်းရွာ။ ဘုတလင်၊ လေးမြေရွာ။ ပုလဲ၊ မုံကြိုင်းကျေးရွာ။ မုံရွာ၊ ကျွဲရဲရွာ။ ကသာခရိုင်၊ ထီးချိုင့်။ မြင်းမူ၊ ရွှေကျောင်းကန်ရွာ။ ကောလင်း၊ ရှမ်းကလုံးကျေးရွာ။ နတ်မောက်၊ မြောက်လက်။ သရက်ချောင်း၊ သရက်နစ်ခွ ကျေးရွာ။ ကချင်၊ ချီဖွေတို့၌ စစ်ကျွန်ပညာအလိုမရှိ သပိတ်။
- ရန်ကုန်၊ မင်္ဂလာတောင်ညွှန့်၊ မြို့နယ်ပေါင်းစုံလူငယ်သပိတ်၊ လှိုင်သာယာ။ မန္တလေး၊ တပ်ပေါင်းစု လက်ဖက်ရည်ဆိုင်သပိတ်၊ သံဃသမဂ္ဂ၊ အမရပူရ၊ မတ္တရာမြို့နယ်၊ အရှေ့ပိုင်းကျေးရွာ၊ ကျောက်မျက်ရတနာကုန်သည်ပွဲစားများ၊ ပညာရေးမိသားစု။ ညောင်ဦး။ မြင်းခြံ။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ဂန့်ဂေါမြို့နယ်၊ နမ်းခါးရွာ။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်ကျေးရွာများ။ မွန်-ပေါင်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်။ ရှမ်း-လားရှိုး စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများဖြင့် ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။

ရင်းမြစ်-မဇ္ဈိမ

**အရေးတော်ပုံ မုချ အောင်ရမည်**

## လိပ်ပြာလုပွဲ

မိုးက စွေစွေ
ပေတရာပေါ်မှာ
သွေးတွေ မခြောက်သေးဘူး။

မိုးက သဲသဲ
တောထဲ တောင်ထဲ
အရပ်ထဲမှာ ခိုကိုးရာမဲ့နေ။

မိုးက မှောင်မှောင်
ထောင်နံရံထဲ
မိတကွဲ ဖတကွဲ။

သိက္ခာတွေ ပုံချပြီး
ကျောင်းတက်နေပြီလား။

လိပ်ပြာတွေ လုံကြပြီး
ကျောင်းအပ်နေပြီလား။

**လက်ရုံးညီ**